
ဝန်ရင်း
Read on the move
သျှငမ
ပြည်တော်ပြန်
ဖူးစာ

# အခန်း(၁)

“ဗိုးကွက်မ.... တစ်သိန်းခွဲနော်..”

“ပုလဲရည်ပါ... ရင်း ရယ်...”

စာအုပ်ထဲမှာ ရေးမလို့ တင်ပြီးကာမှ လက်က တုံ့ခနဲ ဖြစ်သွားသည် ။ ပြီးတော့ ရှေ့မှာ ထိုင်နေသည့် ဗိုးကွက်မ ဆီကို အကြည့်ရောက်ကာ ... .

“ပုလဲရည် က နင့်အိမ်ကလူတွေပဲ သိတာ ... အားလုံး သိတာ ဗိုးကွက်မ ပဲလေ ...၊ ကြွေးစားရင်းတင်တာတောင် နာမည်လှလှလေးနဲ့ တင်ချင်နေသေးတယ် ...”

ပြောနေရင်း ဗိုးကွက်မ လို့ ပဲ မှတ်ထားလိုက်တာကို လည်ပင်းလေး ရှည်ကြည့်ပြီး ဗိုးကွက်မ မဲ့သွားသည် ။

“ရော့.. တစ်သိန်းခွဲ .. သေသေချာချာ ရေပြီးမှ ယူ ..”

ပိုက်ဆံတွေကို သူ့အုပ်စုနဲ့ သူ ရေတွက်ပြီး အဆင်သင့်ပြင်ထားပြီး သားမို့ ဘယ်သူရောက်လာရင် ဘယ်လောက်ဆိုတဲ့ အုပ်ကို ထုတ်ပေးလိုက်ရုံ ..

စိတ်ရင်း က လက်တစ်ဖက်က စာရင်းထည့်နေကာ၊ အံဆွဲဖွင့်ထုတ်ပြီး ပါလာသည့် အုပ်ကို တစ်ချက်ပဲ ကြည့်သည် ။ပြီးတော့ ဗိုးကွက်မ ရှေ့ကို တွန်းပို့လိုက်ပြီး ...

“နောက်မှာ သွားထိုင်ပြီး ရေလိုက် ..”

“ရပါတယ် .. ရင်း ရယ်… နင် သေချာတာ ငါ သိပါတယ်”

“ဟာ … ရေပြီးမှ ယူပါ၊ ငါ သေချာတာ နင် သေချာတာမှ မဟုတ်တာ၊ နောက်ထပ် ပြဿနာတက်လာရင် ရှင်းလို့ ပြီးမှာ မဟုတ်တော့ဘူး၊ သွား … နောက်မှာ သွားရေ .. ၊ အန်တီချစ် က နှစ်ရက် လိုသေးတယ် နော် .. ပြန်ခေါက်မှာ ပေ့ါ ..”

“အေး … ဟုတ်တယ် ..”

ဇီးကွက်မ နောက်ခုံမှာ သွားပြောင်းထိုင်ကာ ဒေါ်ချစ်စု က စိတ်ရင်းရှေ့ကို ရောက်လာ၏။

“အန်တီချစ်.. ကျွန်မက သုံးရက်ထိပဲ ပြန်ခေါက်ပေးမှာ နော် ..၊ ရက်တွေ အများကြီးကျန်ရင် မပေးဘူး ..”

“မခေါက်ပါဘူး စိတ်ရင်း ရယ် .. ငါနဲ့ ဆက်ဆံလာတာ ကြာပြီဥစ္စာ … အဲဒါမျိုး ရှိဖူးလို့ လား ..”

“မရှိခင် ကြိုပြောထားတာ ..၊ အန်တီချစ်က ရက်မပြည့်ခင် ယူတာချည်းပဲလေ၊ပြောလာကာမှ ကျွန်မက ခေါင်းခါရင်း ဘာလေးညာလေး ပြောဦးမယ် ..”

“အမလေး .. ဘယ်သူဖြစ်ဖြစ် ညည်းကို မပြောရဲကြပါဘူးအေး..၊ ညည်းကသာ ..”

ဒေါ်ချစ်စု ဆက်မပြောရသေးခင် စိတ်ရင်း ပိုက်ဆံထုတ်လိုက်ရင်း အကြည့်တွေ ရောက်လာ၏။

“ပြောစရာဖြစ်လာရင်တော့ ပြောရမှာ အန်တီချစ် ..၊ ကျွန်မက တစ်

ဈေးလုံးနဲ့ အလုပ်လုပ်နေတာ ..၊ ငွေတိုးချေးပြီဆိုကတည်းက ပါးစပ်ပိတ်ပြီး ထိုင်ပေးနေလို့ မရဘူး၊ နောက်ပြီးအများ သူငါလို အတိုးတွေ အဆမတန်တင်ပြီး ကျွန်မ ပေးနေတာ မဟုတ်ဘူး ၊ ကိုယ်စိုတ်ထုတ်ထားတဲ့ ကာလအတွက် ထိုက်သင့်တဲ့ အတိုးနဲ့ ပဲ ပေးတာ..”

“ဟုတ်ပါတယ်အေ.. ငါကလည်း အဲဒါတွေကို ပြောချင်တာမဟုတ်ပါဘူး၊ ညည်း ပြောတာဆိုတာမှာ နှုတ်ရေးကြွယ်တယ်လို့ ချီးမွမ်းတာပါ၊ ဈေးထဲကလူတွေကလည်း လူနုံလူအတွေမှ မဟုတ်တာ...၊ ဘယ်သူက ပြောတိုင်းခံမှာ လဲ.. ငါ သိပါတယ်၊ ညည်းကိုဆို ဘယ်သူမှ လည်း လက်တစ်လုံးခြား မလုပ်ရဲဘူး၊ ခွန်းကြီးခွန်းငယ် ဖြစ်ရတာလည်း မရှိပါဘူး၊ တကယ်ပါပဲ ... ရှင်းပြလိုက်ရတာ ..၊ ငါ့စကား ငါမရှင်းတတ်ရင် မိုးကြိုးများ ပစ်ချတော့မလား မှတ်ရတယ်၊ အကြည့်ကလည်း ပြင်းပ့ါ ..”

ဒေါ်ချစ်စု ရှင်းလည်း ရှင်းသည် ။ ကိစ္စပြီးတာနှင့် ခပ်သုတ်သုတ် ပြန်ထွက်သွား၏။ ကျန်နေခဲ့သည့် အမျိုးသမီးတွေက ပြုံးစိစိနှင့် ..၊

လကုန်ရက်ဆို စိတ်ရင်း ရဲ့ အိမ်ထဲမှာ စီးပွားရေးဘဏ်ထက်တောင် လူစည်သေးသည် ။ ငွေချေးကြတာကတော့ ရပ်ကွက်ထဲကလူတွေလည်း ပါပေမယ့် ဈေးသည် တွေကပဲ ပိုများ ၏။

“သာစည်ရွာ”ဆိုတာကလည်း မန္တလေးတိုင်းအတွင်းမှာ ရှိသည့် ရွာငယ်လေးတစ်ရွာပေမယ့် သိပ်တော့ မဖွံ့ဖြိုးသေးပေ။

ရွာနီးချုပ်စပ် လေးငါးရွာမှာ သာစည်ရွာမှာ ပဲ ဈေးလေးရှိသည် ။ ဈေးလေးဆိုပေမယ့် ဈေးခုံမြင့်တွေနှင့် ပျံကျရောင်းတာတွေပါ အားလုံးကို ခြံဝင်းခတ်ထားသဖြင့် သိပ်လည်း မသေးဘဲ စည်လည်း စည်သည် ။

အလယ်တန်းကျောင်းကလည်း ဒီရွာမှာ ပဲ ရှိတော့ သာစည်ရွာက ရွာကြီးလိုဖြစ်နေ၏။ ထို့ကြောင့် လယ်သမား ချောင်းသမားတွေလည်း ရှိ

ကာ ဈေးသည် ကုန်သည် တွေလည်း ရှိ၏။

ရွာထဲမှာ စိတ်ရင်း တို့ မိသားစုကတော့ မသိသူမရှိသည့် လူချမ်းသာ စာရင်းဝင်တွေပဲ ဖြစ်သည် ။ လယ်ယာတွေလည်း လက်ညှိုးထိုးမလွဲ ရှိသည် ။

ကိုယ်တိုင် ဘာမှ လုပ်စရာမလိုဘဲ အားလုံးကို အငှားပေးထားတာ ဖြစ်ကာ နွားတွေနဲ့ လည်း ထွန်သည် ၊ စက်တွေလည်း သုံးထား၏။

စိတ်ရင်း ရဲ့ အမေ ဒေါ်စိန်ရင် က ရွှေဆိုင်ဖွင့်ထားကာ မြို့ပေါ်နဲ့ ရွာကို အသွားအပြန်လုပ်ဖို့ အတွက် အိမ်မှာ ဂျစ်ကားတစ်စီးရှိ၏။

လယ်ယာထွက်ပစ္စည်းတွေ ကြိတ်ခွဲရောင်းချဖို့ အတွက်ရော .. ကုန်သည် ဖို့ အတွက် အငှားလိုက်တာရော သုံးဖို့ ထရပ်ကားကြီးတစ်စီးလည်း ရှိသည် ။

စိတ်ရင်း ရဲ့ အဖေက ကြိတ်ခွဲစက်လုပ်ငန်းနှင့် ကားကို ဦးစီးနေတာမို့ တစ်အိမ်လုံးမှာ စီးပွားမရှာတဲ့ သူဆိုလို့ အငယ်ဆုံး ကောင်လေး ဆန်းထူး ပဲ ရှိသည် ။

သူက စိတ်ရင်း ထက် သုံးနှစ်ပဲငယ်ကာ ဆယ်တန်းကိုလည်း အောင်အောင် မဖြေ..၊ အသောက်အစားမရှိပေမယ့် လောင်းကစား ဝါသနာပါ၏။ သူငယ်ချင်းတွေနဲ့ လွတ်လပ်စွာ နေခြင်းကို အိမ်မွေ့ယာမွေ့ ဝါသနာထုံနေသည် ဖြစ်ရာ ..၊

“အမလေး .. ဒါက ဘယ်ကိုတုန်း မယ်စိတ်ရင်း ..၊ လာစမ်းပါ . . ထိုင်စမ်းပါဦး ..”

စိတ်ရင်း က လက်ဆွဲခြင်းပုံ အိတ်ကြီးကို ပခုံးမှာ ချိတ်ပြီးထရပ်လိုက်တာနှင့် ဒေါ်ငွေရင်က အိမ်ထဲက ကမန်းကတန်း ထွက် လာပြီး မီ

အောင်လိုက်၍ လက်ကို ဆွဲထား၏။

"ညည်းမောင် .. မနေ့ညက ပြန်မအိပ်တာများ ခေါင်းထဲ နည်းနည်းပါးပါး မထည့်ဘူးလား စိတ်ရင်း ရယ် ..၊ မိုးလင်းတာနဲ့ ကြွေးစာရင်းစာအုပ် ကိုင်ပြီးထိုင်နေရင် ထိုင်၊ ထိုင်မနေရင် အပြင်ထွက် .."

"ပိုက်ဆံ အတိုးယူပြီး ထုတ်ချေးထားတာ .. အိမ်ထဲမှာ ငုတ်တုတ်ထိုင်နေလို့ ဖြစ်မလား အကြီးရဲ့ ..၊ မောင်လေးက ဒီလိုပဲ ... သူ့သူငယ်ချင်းတွေနဲ့ ဇယ်ခုံမှာ အိပ်နေလိုက်၊ ဘောပွဲလောင်းပြီး ပြန်မလာလိုက်နဲ့ ဘာဆန်းလို့ လဲ.."

"လာစမ်းပါ.. ဒီတစ်ခါ ဆန်းနေလို့ ပြောနေတာပေါ့ .."

လက်ကို ပြန်ဆွဲ လာပြီး ထိုင်ခိုင်းမှ ညည့်ခန်းက ကြိမ်ကုလားထိုင်မှာ ပြန်ထိုင်ဖြစ်သည် ။

"ညည်းမောင် .. ဘာတွေလုပ်နေလဲ သိလား .."

"မသိဘူး .."

"အေး .. အဲဒါပဲ ..၊ ညည်းမှာ ဒီမောင်လေးတစ်ယောက်ပဲရှိတာကို ဂရုစိုက်ရမှန်း မသိ..၊ ချစ်ရမှန်းမသိ .."

"ဩော် .. မချစ်ဘဲ နေပါ့မလား အကြီးရယ် .. ချစ်လို့ လည်း "မမ ပေးပါဦး" လို့ လာပြီး လက်ဖြန့်သမျှ မညည်းမညူ ထုတ်ပေးနေတာပေါ့၊ အဲဒါကြောင့် လည်း ပိုက်ဆံတွေ ပိုရှာနေရတာ .. အကြီးတူက ပိုက်ဆံလိုရင် အမေတို့ ဆီမှာ တောင်းရဲလို့ လား.."

"ဟဲ့ .. ပိုက်ဆံထုတ်ပေးနိုင်နေတိုင်း အကြီးပီသတာ မဟုတ်ဘူး လေ ၊ ကိုယ့်ထက်အငယ်ဆိုတာ ထိန်းကျောင်း ပဲ့ပြင်ရတယ် .."

“သူ့ကို စောင့်ကြည့်နေလို့ မှ မရဘဲ ကျွန်မက ဘာလုပ်ရမှာ လဲ..၊ ဖင်လှန် တိုင်ဖက်ခိုင်းပြီးရိုက်ရမယ့်အရွယ်လည်း မဟုတ်၊ ပြီးတော့ ညီမဆိုရင်တောင် အနားမှာ ထားပြီး အနီးကပ် စောင့်ရှောက်လို့ ရသေးတယ်၊ မောင်ဖြစ်နေတော့ ဘာမှ ပြောမကောင်း ဆိုမကောင်း ..”

“အဲဒါကြောင့် မပြောဘဲထားတော့ အခု ငါလေ … ပြောတောင်မပြောချင်ပါဘူး ..”

“ဒါဆိုလည်း မပြောပါနဲ့ တော့ .. ကျွန်မ ဒေါ်သန်းသန်းဆီ သွားရဦးမှာ ..၊ နေ့သွင်း မလာတာ နှစ်ရက်ရှိပြီ ..”

“ဟဲ့ .. ဟဲ့.. ပြောမလို့ ပဲ စကားစနေတဲ့ ဥစ္စာ.. ဒုက္ခပါပဲနော် ..၊ ညည်းနဲ့ စကားပြောရဖို့ ကလည်း လင်ဗန်း ဖင်ဆုပ်ဖမ်းနေရတဲ့ အတိုင်းပဲ ..”

“ဒါဆိုလည်း ပြောပါလား အကြီးရာ … မောင်လေး အခု ဘာဖြစ်နေလို့ လဲ ..”

ဒေါ်ငွေရင်က စိတ်ရင်း နားနားမှာ ကပ်ပြီး တိုးတိုးလေး ပြောပြ၏။

“ဘာ .. ဘာရယ် ..”

စိတ်ရင်း မျက်မှောင်ကုတ် နားထောင်နေရင်း မျက်လုံးပြူးသွားသည်။

“တရုတ်ကြီးမိန်းမ.. အိစံ နဲ့ ကြိုက်နေကြတယ် ..”

“ကြားလွန်းလို့ ခုလောက်ဆို ဈေးထဲမှာ ဒီသတင်း ဝက်ဝက်ကွဲနေလောက်ပြီ ..”

ပခုံးမှာ ချိတ်ထားသည့် အိတ်ကို စားပွဲပေါ်ပြန်ဖြုတ်ချကာ စိတ်ရင်း နေရာမှ ထရပ်လိုက်မိ၏။

"နေပါဦး .. တရုတ်ကြီးနဲ့ အိစံ က ကွာရှင်းပြီးပြီ မဟုတ်ဘူး လား .."

"ဟုတ်ပေမယ့် သူတို့ က ကင်းမှ မကင်းတာ ..၊ တရုတ်ကြီးက ရုပ်ဆိုး အကျည်းတန်လွန်းလို့ ဘယ်မိန်းမကမှ မကြိုက်ဘူး၊ အိစံကသာ ပိုက်ဆံမက်ပြီး ယူခဲ့တာလေ၊ ဆန်းထူး က လူချောလူလှလေးဆိုတော့ သင်းက ပြန်ကြိုက်ပြီပေါ့ .."

"ချောတိုင်း ပြန်ကြိုက်လို့ ရမလား၊ ကိုယ့်မှာ မရှုပ်မရှင်းတွေနဲ့ ဥစ္စာ.. ၊ ဒီမိန်းမ အရှက်မရှိပါလား .."

"ညည်းမောင်ကရော ကိုယ့်ရုပ်ရည် ကိုယ့်အဆင့်အတန်းလေးမှ နှမြောရမှန်း မသိ..၊ ဒီလောက်တောင် မိန်းမရှားရသလား..၊ အိမ်မှာ ပိုက်ဆံလိုတိုင်း တောင်းတဲ့ အပြင် ဒီမိန်းမဆီကလည်း ယူနေသေးတယ်တဲ့ .. "

"မောင်လေးက အဲဒီလို .."

"ဟုတ်တယ် .. လုံးဝကို သေချာနေတာ၊ ဟိုတစ်ယောက်ကလည်း က လေးကို မုန့်ပေးကြိုက်နေတာ ဖြစ်မှာ ပေါ့၊ ဒါမျိုးဆိုတာ ကြာရင် ပိုပိုဆိုး လာတာပဲ..၊ တစ်ခုလပ် မုဆိုးဖို မုဆိုးမတွေက အပြောကောင်း အညှု ကောင်းနဲ့ လူပျို အပျိုလေးတွေက စွဲလမ်းကြတာပဲ .."

ဒေါ်ငွေရင် က စကားပြောရင်း သနပ်ဖက်ဆေးလိပ်ကို မီးညှိလိုက်၏ ။ ပြီးတော့ မီးစွဲမစွဲ လေနဲ့ မှုတ်ကြည့်ပြီးမှ နှုတ်ခမ်းမှာ တပ်သည် ။

"အခု မောင်လေးက အိမ်ပြန်မအိပ်ဘဲနဲ့ ဘယ်မှာ .."

မေးမလို့ ဟပြီးမှ မကြားရဲသည့် မေးခွန်းမျိုး ဖြစ်သွားမှန်း သိလိုက်ကာ ချက်ချင်း ဘရိတ်အုပ်မိသည် ။

"ညည်းမောင် .. ထွက်ပြေးနေရပြီ .."

"ဘယ်လို .. ဘယ်လို .."

လင်ရှိမယားနဲ့ ချစ်ကြိုးသွယ်သည် ဆိုတော့ တစ်ခါ ..၊ ထွက်ပြေးရပြီ ဆိုတာ တစ်ခု ..။

ခေါင်းထဲမှာ တဖောင်းဖောင်းမြည်အောင် ပေါက်ကွဲနေတာ မီးရှူးမီးပန်းတွေလိုပင် ..။

"ညက တရုတ်ကြီးတို့ က လမ်းမှာ ဝိုင်းဖမ်းပြီး ရန်ဖြစ်ကြတယ်၊ ဆန်းထူး က နဂိုကတည်းက လက်ယဉ်တဲ့ ကောင်ပဲ .. သူက ဦးအောင်ဆော်ပြီး ထွက်ပြေးသွားတာ .."

"လမ်းမှာ ဘာကို ဖမ်းတာလဲ .."

"ချိန်းတွေ့နေကြလို့ ဖြစ်မှာ ပေ့ါ .."

"လမ်းမပေါ်မှာ ဘယ်သူဖြစ်ဖြစ် ရှိနေလို့ ရတာပဲ အကြီးရဲ့ ..၊ အခုမောင်လေး ရိုက်သွားတာကရော ဒဏ်ရာ ဘယ်လောက်ကြီးသွားလို့ လဲ .."

"တံတောင်ဆစ်ရိုး လွဲသွားတယ်၊ ခေါင်း သုံးချက် ချုပ်ရတယ်တဲ့ .."

"နည်းသေးတယ် .. ဆယ်ချက်လောက် ချုပ်ရအောင် ရိုက်ရမှာ .."

"ဟော့ .. တော် .."

"ခေါင်းတစ်ခုလုံး လည်ပင်းကနေ ပြုတ်ထွက် လွင့်သွားအောင် သိမ်းရိုက်ပစ်လိုက်ရင် ပြီးရော .."

"စိတ်ရင်း .."

"ဟုတ်တယ် .. တရုတ်ကြီး ဆိုတဲ့ လူ အရက်ဆိုင် ပိစိညှောင့်တောင့်လေး ဖွင့်ပြီး အရက်ကို အကြွေးရောင်းနိုင်တိုင်း တပည့်တပန်းတွေ ပေါ

နေတာ၊ ခုလည်း အုပ်စုနဲ့ ဝိုင်းဆော်တာ နေမှာ ပေ့ါ၊ မောင်လေးက လက်မဦးရင် အဲဒီနေရာမှာ တင် သေမလား .. ရှင်မလားပဲ ..”

ပြောနေရင်း ဒေါသကြောင့် တက်ခေါက်မိသည် ။

“အခု ဘာလဲ ..၊ သူတို့ က အလျော်တောင်းနေလို့ လား ..၊ အဖေ့ကို အကြီး ပြောပြီးပြီလား ..”

“ပြောပြီးပြီ .. ညည်းအဖေစိတ်လည်း သိရဲ့ သားနဲ့ အေ .. ဘာဖြစ်ဖြစ် ဒေါသက ရှေ့ကလေ ..၊ ကားပေါ်က ကုန်တွေ ဆွဲဆက်ဆောင့်ချပြီး ဝုန်းဒိုင်းကြဲနေတာပေ့ါ၊ ပြီးတော့ “ထားလိုက် သူဖြစ် သူခံ” တဲ့ ..”

အဖေ့ဒေါသကို စိတ်ရင်း သိသည် ။ ပြောသလို တကယ်ကို လုပ်မှာဖြစ်၏။ တရုတ်ကြီးဆိုတာကလည်း တရုတ်လို အသားဖြူနေသည့် မြန်မာလူမျိုးပဲ ဖြစ်သည် ။

မျက်နှာတစ်ပြင်လုံးမှာ ကျောက်ပေါက်မာတွေ ပြည့်နေကာ မျက်လုံးမှေးမှေး မျက်ခုံးက မရှိဘဲ လူက ဝချင်သေးသည် ။

စိတ်ရင်း ပထမနှစ် ဖြေစဉ်ကလည်း ရိသဲ့သဲ့ လာလုပ်ဖူးသဖြင့် အဖေက တရုတ်ကြီးဆို ဘယ်တုန်းကမှ ကြည့်ရခဲ့တာ မဟုတ် ..။

အသက်လည်း သိပ်မကြီးသေးဘဲ ယူမယ့်မိန်း မရှိလို့ ဆင်းရဲတဲ့ မိန်းကလေးတွေရှိသည့် မိသားစုဆို တရုတ်ကြီးတို့ ငွေကုန်ကြေးကျခံပြီး ရအောင် ပေါင်းသည် ။

သူ့ကြောင့် ပဲ အချိန်မတန်သေးဘဲ ခိုးရာလိုက်ပြေးကြ ..၊ အိပ်ဆေးသောက်လို့ မြို့က ဆေးရုံကို အချိန်မီ ပြေးကြနှင့် မိန်းမငယ်လေးတွေကို ဒုက္ခအပေးဆုံးလူ ဖြစ်၏။

“ငါ့မှာ အဖေကို ပြောပြတော့လည်း ပြေရာပြေကြောင်း မကြားရ၊

အစ်မလုပ်တဲ့ လူဆီ လာတော့ မျက်နှာနဲ့ စာရင်းစာအုပ်နဲ့ မခွာ ..”

“မခွာတာကတော့ မခွာဘဲ နေရမယ့်အချိန်ကိုး အကြီးရဲ့ .. အကြီးက တည်း တစ်မျိုး ..”

“ဟုတ်ပါတယ် .. ရှင်တို့ ကပဲ ဆင်တူတွေပါ၊ ကျုပ်ကတော့ တစ်မျိုး တစ်ဘာသာ ကွဲနေတဲ့ သူ ..”

ဒေါ်ငွေရင် က နေရာမှာ ထရပ်လိုက်ကာ ...

“ဖုန်းဆက် ခေါ်ထားတာတောင် စျေးရောင်းနေတဲ့ မိန်းမကလည်း ပြန်မလာဘူး ..”

“ဘာလို့ အမေ့ကို စိတ်ပူအောင် လှမ်းပြောနေတာလဲ အကြီးရယ် ..၊ ဒီမှာ ဘာတွေ ဖြစ်ကုန်သလဲဆိုတာ သေချာလည်း စုံစမ်းပါဦး ..၊ တောက် .. အဲဒါ ဟိုတစ်ယောက် မလည်ရှုပ် လုပ်လို့ ..”

“ဟဲ့ .. ဟဲ့ .. စိတ်ရင်း ..၊ ဒါ ဘယ်ကိုလဲ ..”

“အိစံ ဆိုတဲ့ မိန်းမကို သွားပြောမလို့ ..”

“အေး .. ရန်လည်း ဖြစ်မနေနဲ့ ဦးနော် ..၊ ကိုယ့်အထုပ် ကိုယ်ဖြေသလို ဖြစ်ဦးမယ် ..”

ဒေါ်ငွေရင် တိုးတိုးတိတ်တိတ် မှာ ဖို့ ပြေးလိုက်ပေမယ့် ခြေလှမ်းမြန်သည့် စိတ်ရင်း က ဖိနပ်စီးပြီး ထွက်သွားပြီမို့ လှမ်းအော်ပြောရခြင်းသို့ ရောက်လျက် ..”

*

# အခန်း(၂)

ပျဉ်ထောင်ခနိမိုးအိမ်လေးက သေးသေးဝပ်ဝပ်လေးပေမယ့် တံခါးဝကနေ လှမ်းကြည့်တည်းက ညှော့ခန်းကျဉ်းကျဉ်းလေးထဲမှာ တီဗွီအောက်စကက် ပန်ကာတွေနှင့် ပြောင်ပြောင်လက်လက်လေး ဖြစ်နေ၏။

မြို့မှာ ဆို ဒါက ဘာမှ မဟုတ်သော်လည်း တောမှာ တော့ တော်တော် ပြေလည်ပြည့်စုံမှ သာ ဒီလိုအဆင့်မျိုးလောက်နဲ့ နေနိုင်တာ ဖြစ်သည် ။

"မစံ .. မစံ ရှိလား .."

"ဒုန်း .."

ပြန်ထူးသံ ကြားရမည့် အစား အတွင်းက လဲပြိုသံတစ်ခုသာ ထွက်လာခဲ့၏။ စိတ်မရှည်ဖြစ်လာရင်း မျက်လုံးက ဟိုရောက်ဒီရောက်ဖြစ်သွားကာ အခန်းအဝင်ဝ ဘေးတစ်ဖက်မှာ ချိတ်ထားသည့် ယောကျ်ားရှပ်အင်္ကျီလက်ရှည်တစ်ထည်ကို မြင်လိုက်ရ၏။

ငုံ့ကြည့်လိုက်တော့ သားရေအုပ်ဖိနပ်ကြီးက ဆင်ခြေထောက်တောင် ဝင်လို့ ရနိုင်၏။ ဒီဖိနပ်ကြီးကို မြင်လိုက်ကတည်းက သူမ သဘောပေါက်လိုက်သည် ။

"တောက် .. လှေနံနှစ်ဖက်နင်းနေတဲ့ မိန်းမ .."

စိတ်တိုတိုနှင့် ဖိနပ်ကို တအားလွှဲကန်ပစ်လိုက်ကာ ...

"မစံ .. မစံ အထဲမှာ သေမယ့်လူမမာ ရှိနေလို့ ထွက်မလာတာလား .. ၊ တံခါးကြီး ဟောလောဖွင့်ထားပြီး ဘာလို့ ငြိမ်ကုပ်နေတာလဲ .."

" လာပြီ .."

ဆံပင်တွေကို အဖျားကောက်ထားပြီး အမြဲတမ်း မိတ်ကပ်လိမ်းထား တတ်သည့် အိစံ သည် ညိုချောလေးလည်း ဖြစ်သည် မို့ လှသည့် ချောသ ည့် သတင်းကတော့ မွှေးလေသည် ။

သူမ အစက ဒီလို မဟုတ်ပါ။ တရုတ်ကြီး နဲ့ ကွာရှင်းပြီးကာမှ ဒီပုံဖြ စ်လာကာ ယောကျ်ားလေးတွေနဲ့ ရင်းနှီးလွန်းတာလည်း ရေပန်းစား သေးသည် ။

ခင်ပွန်းဟောင်းနဲ့ မပြတ်မသား ရှိနေသေးသည် ဆိုတာကတော့ ခုမှ ကြားရသည့် သတင်း ..၊

"စိတ်ရင်း .."

ဆံပင် ဖရိုဖရဲကို ကလစ်နဲ့ လိပ်ပတ်ထိုးတင်ရင်း ထွက်လာကာ စိတ် ရင်းကို မြင်တော့ ရပ်တန့်သွားသည့် ခြေလှမ်းက နောက်ပြန်ဝင်တော့မ လိုလို .. ပြေးပုန်းတော့မလိုလို ..၊

အခန်းထဲကို မလုံမလဲ မျက်လုံးဝေ့ပြီးမှ ..

"စိတ်ရင်း .. ဘာကိစ္စရှိလို့ လဲဟင် .."

"ငါ့ကို မြင်တာနဲ့ ငါ ဘာကြောင့် လာတာလဲဆိုတာ မသိဘူးလား မစံ ..၊ ဘာလဲ .. အထဲမှာ နင့်ယောကျ်ား ရှိနေလို့ လား ..၊ ခေါ်လိုက်ပါ .. သူများ သားပျိုလေးနဲ့ ချစ်ကြိုက် ပြစ်မှားတာ ငရဲကြီးပေမယ့် ကိုယ့် ယောကျ်ားနဲ့ ပြန်ပေါင်းတာ အပြစ်မဟုတ်ပါဘူး .."

"မ .. မဟုတ်ပါဘူး စိတ်ရင်း ရယ် .. သူ ဒဏ်ရာရနေလို့ ငါ့ဆီမှာ .."

"ဒဏ်ရာရတဲ့ လူကို အိမ်ထဲ ခေါ်သွင်းရတယ်၊ ရိုက်သွားတဲ့ လူကို တော့ ပြေးပေါက်ဖွင့်ပေးရတယ်လေ..၊ နင့်ကိုယ်နင် ဘာမှတ်နေသလဲ မစံ .. နန်းတက်လာတဲ့ မင်းဆက်တိုင်းနဲ့ ဘိသိက်ခံနေရတယ်မှတ်နေသလား .."

"စိတ်ရင်း ရယ် .. ငါတို့ က မသိတဲ့ လူတွေလည်း မဟုတ်ပါဘူး၊ တိုးတိုးသက်သာ ပြောပါ .."

"ဟုတ်တယ် .. နင်နဲ့ ငါ မူလတန်းအောင်တဲ့ အထိ အတူတက်ဖူးတယ်၊ ငါတို့ က သက်တူရွယ်တူပဲ၊ ဒါပေမဲ့ ငါ့မောင်လေးက နင့်ထက် အသက်ငယ်ပါတယ်၊ ပြီးတော့ လူပျို၊ တစ်ရွာတည်းသားချင်းတွေ နင် စည်းစောင့်ဖို့ ကောင်းတယ် .. သိရဲ့ လား .."

"မဟုတ်ပါဘူး စိတ်ရင်း ရယ် .. ဆန်းထူး နဲ့ ငါ လုံးဝ ရိုးရိုးသားသားပါ၊ ရင်းနှီးနေကြတော့ သူ ပိုက်ဆံလိုရင် ငါ့ဆီက လာချေးသုံးတတ်တယ်၊ အဲဒါတွေကြောင့် သူများ တွေက စွပ်စွဲကြတာပါ"

"ဒီနားမှာ ရှိသမျှ ရွာတွေထိ စိတ်ရင်း ဆိုတဲ့ ငါက ငွေတိုးပေးစားနေတာ၊ ငါ့မောင်က လာချေးသုံးရတယ်ဆိုတော့ ကိုယ့်စကားကို ပြန်စဉ်းစားဦး .."

"ဟုတ်ပါတယ် .. ဆန်းထူး က ပိုက်ဆံ အရမ်းသုံးတာ .."

"ဩော် .. နင်က ကိုယ်ပိုင်စီးပွားရေးနဲ့ ကိုယ့်ငွေကို ကိုင်သုံးနေတဲ့ သူဌေးကိုး ..၊ ငါ့မောင်က နင့်ဆီက ယူသုံးရတာပေါ့ .."

"ခု ဖြစ်ကြတာလည်း ငါ လုံးဝ မသိပါဘူး .."

"အပိုတွေ ပြောမနေနဲ့ .. နင့်ကို ငါ ဘယ်လိုဖြစ်ကြတာလဲလို့ မေးဖို့

လာတာ မဟုတ်ဘူး ၊ ကိုယ့်လင် ကိုယ့်သားနဲ့ အေးအေးနေလိုက်ဖို့ လာပြောတာ ..၊ ငါ့မောင်လေး ဘယ်ရောက်နေနေ .. ရွာကိုပဲ ပြန်လာလာ .. နင် လုံးဝ ဆက်သွယ်ဖို့ မကြိုးစားပါနဲ့ ..”

“စွာလှချေလား ချစ်တီးမ ..”

ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် တရုတ်ကြီး အထဲက ထွက်လာသည် ။ လူကသာ ဒဏ်ရာရနေပေမယ့် ဒေါသမျက်နှာကြီးက နီမြန်းလျက် …

“ကျားသနားလို့ နွားချမ်းသာနေတာ အဟုတ်မှတ်နေတယ်၊ နင့်မောင်ကို ငါ မယားခိုးမှုနဲ့ တိုင်လိုက်ရင် ဘာဖြစ်သွားမလဲ သိလား ..”

“ဘာမှ မဖြစ်သွားဘူး .. နင် ခိုးစားတာ ပေါ်သွားမယ်၊ နင့်မိန်းမ အကြောင်းတွေ လူတွေ သိမယ် .. ဒါပဲ ..”

“အံမာ .. ချစ်တီးမ ကြည့်စမ်း ..”

“ငါက ချစ်တီးမ မဟုတ်ဘူး ..၊ နင်သာ မိန်းမတစ်ယောက်ရဖို့ ချစ်တီးသိမ်း သိမ်းယူထားရတာ၊ ဒီမှာ ..”

စိတ်ရင်း က လှေကားသုံးထစ်ကို အပေါ်ဆုံးထပ်ထိ တက်လိုက်ပြီးမှ …

“နင်က ငါ့ခြံဝင်း ငါ့နွားလို့ သဘောထားနေနိုင်ပေမယ့် တစ်ခါခုန်တိုင်း ခြံပျက်တယ်၊ အဲဒါ နားလည်ရဲ့ လား ..”

“ဟော့ .. နင် မမိုက်ရိုင်းနဲ့ ..”

“အံမာ .. မိုက်ရိုင်းတော့ ဘာလုပ်ချင်လဲ ..”

“နေပါဦး .. နေကြပါဦး ..၊ ဦးတရုတ် အထဲပြန်ဝင်နေစမ်းပါ”

"မဝင်နိုင်ပါဘူး..၊ သူတောင်မှ အပျိုလေးဖြစ်ပြီး ဒီလောက်အရက်မ ရှိ ပြောနေတာ ငါက ဂရုစိုက်စရာလား ..၊ ဒီမှာ ချစ်တီးမ .. နင့်မောင်ကို နင် ထိန်းထား ..၊ ဒီတစ်ခါဆို ငါ လုံးဝ ခွင့်လွှတ်မှာ မဟုတ်ဘူး .."

"အဲဒါ နင့်မိန်းမကို နင်ပြောရမှာ ..၊ အမိုက်ပုံရှိလို့ ခွေးချေးယိုတာ .. ၊ အညှီအဟောက်မို့လို့ ယင်လာတာ ..၊ ကိုယ့်မိန်းမကို အညှီအဟောက် ဖြစ်နေလား မနေလား ပြန်စစ်ကြည့်ဦး၊ နင်တို့ နှစ်ယောက်ရှိတာ ငါတို့ ရွာ နာတယ် .. ဒီတစ်ခါ နင့်မိန်းမနဲ့ ပတ်သက်ပြီး ယောကျ်ားလေးတစ် ယောက်ယောက် ထပ်ပြီး ပြဿနာဖြစ်ရတဲ့ အသံ ကြားကြည့် .."

"ကြားတော့ ဘာဖြစ်လဲ .."

"ရွာပြင်ထုတ် မီးရှို့သတ်ခံရတဲ့ စုန်းမထက်တောင် အဖြစ်ဆိုးသွားဦး မယ် ၊ ဟွန်း .. အဲဒီယောကျ်ားတစ်ယောက်ယောက်ဟာ ငါ့မောင်သာဖြစ်ကြည့် ... နှစ်ယောက်စလုံးကို ရွာပြင် နှင်ထုတ်ပစ်မယ် .."

ယောကျ်ားနဲ့ မိန်းမ ဖြစ်ပေမယ့် စိတ်ရင်း ကပဲ အိမ်ပေါက်ဝကနေ လက်သီးလက်မောင်း တန်းနေသည် ။ သူမကပဲ စိန်ခေါ်၏။

ဘေးလူတွေ ဝိုင်းအုံကြည့်လာကြတဲ့ အထိ စိတ်ရှိသလို အော်ပြီးမှ လှေကားပေါ်က ပြန်ဆင်းလိုက်ကာ ...

"မပြောလိုက်ချင်ဘူး ..၊ ရုပ်က ဘီလူးက အဘိုးခေါ်ရမယ့်ရုပ်နဲ့ ... မိ န်းမငယ်ငယ်လေး ယူထားပြီး .."

"ဟိတ် .. ခု တိတ်စမ်း .."

"ဘုန်း .."

အိမ်ထဲကနေ အောက်စက်ကြီးအပြားလိုက် လွင့်ထွက်လာကာ စိတ်

ရင်း ရှေ့မှာ ဘုန်းခနဲ ကျ၏။

"အံမာ .. အထဲကနေ လေကျယ်နေတာ ..၊ တွေ့မယ် .."

စိတ်ရင်း က အောက်စက်ကို ဒေါသတကြီး ကောက်ယူလိုက်ကာ အိစံ တို့ အိမ်ခေါင်းရင်းမှာ ရှိနေသော ရာဝင်အိုးကြီးနှစ်လုံးကို စိတ်ရှိလက်ရှိ ရိုက်ခွဲ၏။

"ဘုန်း ... ခွမ်း .."

ရာဝင်အိုးကြီးတွေက အရာထင်ရုံပဲရှိကာ အောက်စက်သာ တစ်စစီ ပဲ့ထွက်သွား၏။

"တောက် .... တော်တော် ခိုင်နေတာပဲ .."

စိတ်ကို ဘယ်လိုမှ ထိန်းမရတော့ဘဲ အုတ်ခဲတွေနဲ့ ကောက်ထု၊ သစ်သားချောင်းတွေနဲ့ ရိုက်ခွဲ လုပ်ပစ်လျှင် ရာဝင်အိုးကြီးတွေလည်း မခံနိုင်တော့ပေ ..။

"စိတ်ရင်း .. နင် လွန်ပြီနော် ..၊ မလုပ်နဲ့ .."

အိစံ က ပြေး လာပြီး ဝင်ဆွဲ၏။ ဒါပေမဲ့ ဘာမှ ပြန်မရတော့ပေ ..။

ပတ်ဝန်းကျင်အိမ်တွေက ပြေး လာပြီး ဝင်ဆွဲကြသဖြင့် တစ်ရွာလုံး အုံးအုံးကျက်ကျက် ဖြစ်သွားခဲ့၏။

"နင့်ကို ရဲလက်အပ်မယ် သရဲမ .."

"အံမာ ..ကိုယ့်ရုပ်ကိုယ် ပြန်မကြည့်ဘဲနဲ့ သူများကို သရဲမ တဲ့ ၊ လုပ်လေ .. တိုင်စမ်းပါ .."

စိတ်ရင်း သွေးပွက်ပွက်ဆူကာ ဆွဲထားတဲ့ သူ လက်ထဲကနေ ပြန်ရုန်းလိုက်၏။

“နေဦး .. ရဲတိုင်မှာ ဆိုတော့ မထူးဘူး ..”

“ဟဲ့ .. ဟဲ့ .. ဆွဲကြပါဦးဟ ..”

“စိတ်ရင်း .. တူမကြီးရယ် တော်ပါတော့ .. သူများ ခြံဝင်းထဲမှာ အမှု ပတ်လိမ့်မယ် ..”

“ပတ်နေပြီဟာပဲ ..”

စိတ်ရင်း ကို ဘယ်သူမှ ဆွဲမနိုင်ဘဲ ခေါင်းရင်းဘက်မှာ ကျန်နေသေးသည့် သစ်ခွတိုင်တွေကို အကုန်လုံး ဆွဲလွဲ ကိုင်ပေါက်ပစ်ကာ ဖနောင့်နဲ့ ပေါက် ..၊ တစ်ကိုယ်လုံး တက်ခုန်နှင့် အကုန် ဖျက်ဆီးပစ်၏။

တရုတ်ကြီး မိန်းမနဲ့ ခိုးချောင်ခိုးဝှက် တွေ့နေသည့် အဖြစ်ကို ဂရုမစိုက်နိုင်တော့ဘဲ ရဲစခန်းကိုသွားဖို့ ဆိုင်ကယ်လ်ပေါ် ရောက်သွား၏။

“မလုပ်ပါနဲ့ ဦးတရုတ် ရယ် .. ဒေါ်ကြီးစိန်တို့ မျက်နှာလည်း ရှိပါတယ်၊ သူတို့ ဘက်က တစ်ခုခု လုပ်ပေးမှာ ပါ၊ မလုပ်ပါနဲ့ .. မတိုင်ပါနဲ့ ..”

*

# အခန်း(၃)

အဆီတပြန်ပြန်နှင့် မျက်နှာသည် လည်ပင်းတွေ ကြားထဲမှာ လည်း ဒီအတိုင်း ..။

အသားက ဖြူရဲနေပေမယ့် မလှဘဲ ရှုံ့ဖို့ ကောင်းနေ၏။ ပိုဆိုးတာက ကိုယ့်ဘက် ငိုက်ကျလာလိုက် ..၊ ရှေ့ကို ငိုက်ကျသွားလိုက်နှင့် ဆတ်ခနဲ ခေါင်းထောင်လိုက်ပြီဆို ဘယ်တုန်းကမှ မငိုက်တတ်တဲ့ သူလို ပြူးပြူးပြဲပြဲ ..။

"ကျွတ် .."

သူ စိတ်ပျက်နေပေမယ့် ဒီဘက် ထပ်ကပ်စရာလည်း နေရာမရှိတော့ပေ ..။

ဒါတောင် သူ ဂျာကင်ဝတ်ထားလို့ တော်သေးသည် ။ လက်တိုသာ ဝတ်ထားမိလျှင် လက်မောင်းချင်း နည်းနည်းလေး ထိလိုက်တာနှင့် ပြန်ခွာလို့ ရတော့မည် မထင်..။

"ဟော့ .. ဒီမှာ အဲကွန်းတွေက ပိတ်ထားတာလား ..၊ ဖွင့်ထားတာလား .."

ဒေါသက ကားစပယ်ယာဆီ ရောက်၏။ စပယ်ယာက သူ့ဆီ လျှောက်လာကာ ...

"ခဏတော့ စောင့်ပါ အစ်ကိုရာ ..၊ အဲကွန်းက နည်းနည်းညောင်းနေ

လို့ ပါ၊ ဟဲ ... ဟဲ.. တဖြည်းဖြည်း အေးလာပါလိမ့်မယ် ..”

အရေးထဲ အဲကွန်းမကောင်းတဲ့ ကားနဲ့ မှ လာတိုးနေသည် ။

သူ့မျက်နှာ ရှုံမဲ့နေတာကို မယ်မင်းကြီးမလေးက မျက်ခုံးပင့်၍ မျက်လုံးစွေကြည့်လိုက် ..၊ မဟုတ်သလို လို ခေါင်းလေးမတ်နေလိုက်နှင့် ကိုင်ပေါက်ပစ်ဖို့ စိတ်ကူးတွေနဲ့ သူ စီးချင်းထိုးနေခဲ့၏။

ကြည့် .. ခဏလေးပဲ ရှိသေးသည် ။ သူမ မျက်လွှာစင်းကျသွားပြန်ပြီ ..။

ကိုယ့်ဆီ လဲကျလာမှာ ကြောက်တော့လည်း မမြင်ချင်ပေမယ့် ကြည့်နေမိ၏။

ကြည့်နေရင်း တအိအိ ငိုက်ကျလာတာ သူ့ပခုံးဆီ ..၊

“ဟော့ ..”

“အင် .. ဘာလဲ ..”

သူ ပုတ်လိုက်သည့် ပခုံးကို ပွတ်သပ်ခါချ၍ အော်တိုမစ်တစ် ပြန်တည့်သွားသည့် ခေါင်းက မတ်ခနဲ ..၊

“မင်းကို ငါ ဒီတစ်ခါ လုံးဝ ခွင့်မလွှတ်ဘူးနော် ..”

“ခွင့်မလွှတ်ရအောင် ကျွန်မက ရှင့်ကို တက်နင်းနေလို့ လား ..”

“မင်း မရိုင်းနဲ့ ..”

“ရှင်က စရိုင်းတာလေ .. ၊ ယောကျ်ားကြီးဖြစ်ပြီး ထိတာမကြိုက်၊ ကပ်တာ မကြိုက် ..”

“မင်းက တမင် ထိအောင် .. ကပ်အောင် နေနေတာလား ..”

"ရှင်နော် .. ရှင် .."

"ဟွန်း …"

"ဘာမဲ့တာလဲ .."

"ကိုယ့်ကိုယ်ကိုယ် မင်းပြန်ပြည့်ဦး ..၊ တစ်ကိုယ်လုံး ခြစ်ချရင် လူဆိုးရောင်းလို့ ရတယ် .."

ပြောပြီး နှာခေါင်းက ရှုံ့ပွပွနှင့် တစ်ဖက်လှည့်၏။

စိတ်ရင်း ကိုယ့်ပုံစံကို ကားမှန်ထဲမှာ ပြန်ကြည့်မိကာ ဝင့်လည်ပြီမှန်း သိလိုက်၏။

တရုတ်ကြီးကို ပြောဆို ကဲ့ရဲ့ ခဲ့တာတွေကို ခုနကပဲ အိပ်မက်တွေမက်ပြီး ပြန်အော် နေခဲ့သေးသည် ။

"သူများကို ပြောချင်ဦး ဒီပါးစပ် .."

ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်မိကာ မျက်လုံးကို ဒီတစ်ခါ လုံးဝမှေးစင်းမသွားအောင် ထိန်းဖို့ ဆုံးဖြတ်လိုက်မိသည် ။

ပြီးတော့ ဝမ်းနည်းသလိုလို .. ဒေါသလိုလိုစိတ်က အိမ်ကို ပြန်ရောက်၏။

"ရှက်စရာကောင်းလိုက်ပါဘိ စိတ်ရင်း ရယ်.. အပျိုအရွယ်လေးမတန်မယ့် သူများ လင်မယားနေတဲ့ အိမ်ရှေ့ထိ သွားပြီးတော့များ .."

"ကျွန်မက ဘာလုပ်နေလို့ လဲ အကြီးရဲ့ .. သွားတုန်းက အိစံ နဲ့ ပြောမလို့ သွားတာ..၊ သူက မိန်းမကောင်းရန်တွေ့နဲ့ လေ ..၊ လူကို ချစ်တီးမတဲ့ .."

"ကိုယ်က ဒီလိုလုပ်တဲ့ လူမှ မဟုတ်တာ မနာနဲ့ ပေါ့ .."

"မဟုတ်ရင် မနာနဲ့ ဆိုတာ ပြောသလောက် မလွယ်ဘူး အကြီးရဲ့ ..၊ မဟုတ်ဘဲနဲ့ အပြောခံရရင် ပြုံးနေနိုင်တဲ့ သူ ဘယ်သူရှိသလဲ ..၊ ပုထုဇဉ် မှန်ရင် ဘယ်လိုလူမှ မခံနိုင်ဘူး .."

"ဒါပေမယ့် ညည်း ပြောဆိုခဲ့တာတွေက တရားလွန်တယ် စိတ်ရင်း .. ၊ သူများကို ဒီလိုစကားမျိုးတွေ ကဲ့ရဲ့ တာ ဝစီဗေဒ ထိတိုင်းရှတဲ့ ၊ ညည်း ဝင့်လည်လိမ့်မယ် နားလည်ရဲ့ လား ...၊ တကယ် ကျိုးနေ ကန်းနေတာ မြင်ရင်တောင် သနားကြင်နာစိတ်နဲ့ ကြည့်ရတယ်၊ အကျိုးကြီး ၊ အကန်း ကြီးလို့ ရှန့်ရင်းကြမ်းတမ်းစွာ မကဲ့ရဲ့ ရဘူး" တဲ့ ..။

ခုတော့ သူမ မျက်နှာရှေ့မှာ ရှုံ့ရှာစွာ မဲ့ရွဲ့နေပါပြီ ..။

"တောက် .. ဒီမျက်လုံးက .."

ကားက တလှုပ်လှုပ် ..၊ အဲကွန်းက အေးလာသည် မို့ မျက်တောင်ဖျားတွေက အာဏာဖိဆန် ချင်လာ၏။

မိုးချုပ် လာလေ .. အေး လာလေမို့ အိပ်ချင်စိတ်ကို တွန်းလှန်ဖို့ အတွက် ရွာက ထည့်ယူလာခဲ့ သည့် မာလကာသီးကြီးတစ်လုံးကို ထုတ်ယူလိုက်သည် ။

ခေါင်းနောက်တည့်တည့်မှာ ကျကျနန ခုကာ ခေါင်းနဲ့ ပဲ ကပ်ဖိထားရ၏။

ဒါဆို ပြုတ်မကျအောင် ထိန်းချုပ်ဖို့ အတွက် သူမ အိပ်မိတော့မှာ မဟုတ်ပေ ..။

ကပ်ထား ..။

မာလကာသီးက ဝိတ်ရှိတယ်။ နည်းနည်းလေး အားလျော့တာနဲ့ ပြုတ်ကျသွားမှာ နော် ..၊

လက်ပိုက်ပြုံးနေရင်း ကိုယ့်စိတ်ထဲကအသံကို နားထောင်နေမိသည် ။

သို့သော်…

“အင်း.. ကျွန်တော် အမြန်လမ်းမပေါ်မှာ ..”

“……… …”

“ပြန်တော့ ပြန်မှာ လေ ..၊ ဒါပေမယ့် ကိုယ့်အိမ်ကို ပြန်တာ ရှင်လောင်းလှည့်သလိုကြီး အကြိုတော် ..အထောက်တော်တွေနဲ့ မပြန်ချင်ပါဘူး . .”

“………..”

“ဟာ.. ဘကြီးညို သွားမပြောနဲ့ နော် ..၊ ကျွန်တော်က ဘကြီးညိုမှန်းသိလို့ ကိုင်လိုက်တာ .. ဘယ်သူခေါ်ခေါ် လုံးဝ မကိုင်ဘူး ..”

“………..”

“အဲ့ဒါ ..”

“ဒုတ် .. ဒေါက် ..”

“ဟာ ..”

“ဒုန်း ..”

မာလကာသီးကြီးတစ်လုံးက ဖုန်းကို ရိုက်ချလိုက်သလို ခုန်ဆင်းလာ၏။

ထို့ပြင် သူမရဲ့ ခေါင်းက ဘီးတပ်ပြီး လိမ့်ဆင့်လာသည့် သံလုံးတစ်လုံးလို သူ့ပခုံးတစ်ဖက်ပေါ် အရှိန်နှင့် ကျ၏။

သူသာမကဘဲ ရှေ့နောက်ဝန်းကျင်က ခရီးသည် တွေပါ လှည့်ကြည့် ကုန်ကြ၏။

"ဆောရီးနော် .. ဆောရီးပါရှင် ..၊ ဒုက္ခပါပဲ .. ကျွန်မလည်း သတိ ထားနေတာပဲ .."

သူ ဘာမှ မပြောရသေးခင် လက်တကာကာနှင့် တောင်းပန်ကာ သူ မကပဲ ရှုံ့မဲ့ ညည်း၏။

"တောက် .."

အသံမထွက်အောင် နှုတ်ခမ်းစေ့ တက်ခေါက်ရင်း ဘယ်ထိ ကျသွား မှန်းမသိသည့် ဖုန်းကို တောင် မကောက်ချင်တော့ပေ ..။

"မင်းကွာ .."

"မကွာပါနဲ့ ရှင် ..ဒီက တောင်းပန်နေတဲ့ ဥစ္စာ .."

"မင်း တောင်းပန်တာ ဘာလုပ်ရမှာ လဲ ငါက .."

"ဩော် .. တောင်းပန်တာပဲ လုပ်လို့ ရအောင် တောင်းပန်ရတဲ့ နည်း ရှိသေးလို့ လား .."

"ဟာ .. ကြည့်စမ်း .."

သူ့မျက်နှာ ကားမီးရောင်အောက်မှာ နီမြန်းသွား၏။ ထိုအခါကျမှ စိ တ်ရင်း ကိုယ့်ကိုယ်ကိုယ် ဘာပြောလိုက်မိမှန်း သတိရသွား၏။

မျက်နှာကို ဆတ်ခနဲ လွှဲပစ်မိကာ ..

"ရှင်က စိတ်ချည်းပဲ တိုနေလို့ ပြောတာလေ ..ကျွန်မက ဒီလိုကားမျိုး နဲ့ ခရီးဝေး တစ်ခါမှ သွားဖူးတာ မဟုတ်ဘူး ၊ အိမ်ကကားနဲ့ ဆို ဟိုနားဒီ နားသွားတာတောင် ဒီက အိပ်လိုက်တာ ..'

“ကြွားမနေပါနဲ့ .. ပျင်းတာတွေ ..”

“အိပ်ရတဲ့ အကြောင်းရင်းကို ပြောပြတာ ..၊ ရှင် ပြောတာ မခံချင်လို့ မာလကာသီးနဲ့ တောင် ခေါင်းခု အိပ်ခဲ့တာ ရှင် မမြင်ဘူးလား ..”

“မမြင်လိုက်ဘူး .. မြင်လိုက်ရင်လည်း ဒီခုံမှာ မထိုင်တော့ဘူး ၊ ဘယ့်နှယ့် .. မာလကာသီးနဲ့ ပဲ ခေါင်းခု အိပ်ရတယ်လို့ ၊ အဲဒီခေါင်းက တဖြည်းဖြည်း ငိုက်ဆင်းလာရင်တောင် ဖမ်းအော်တားလို့ ရဦးမယ်.. သိပ်စိတ်ပျက်ဖို့ ကောင်းတာပဲ .. တကယ် ..”

“ဒီမှာ .. ရှင်နဲ့ ကွာနေအောင်လို့ ကျွန်မအိတ်ကို အလယ်မှာ ထားလိုက်မလား ..”

“ထားလိုက် ..၊ အိတ်ဖြစ်ဖြစ် .. ဘာဖြစ်ဖြစ် မင်းနဲ့ ကွာသွားရင် ပြီးရော ..”

“ပြီးတာပဲ ..”

သူမက နေရာမှ ထရပ်ပြီး အပေါ်တင်ထားသည့် အိတ်ကို ဆွဲထုတ်နေသည် ။

“ဘုတ် ..”

“အ ..”

“ဩော် .. ကြိုကြိုတင်တင် ဖယ်ထားပါလား ..၊ ဒီမှာ မနိုင်မနင်းနဲ့ ဆွဲနေရတာကို ..”

သေစမ်း ဆောင်းဦးသျှောင် ..၊

အိတ်ကြီး တစ်အိတ်လုံး ပြုတ်ကျခံထားရသည့် လက်ကို ဖိနှိပ်ရင်း ဦးသျှောင် မျက်နှာ ရှုံ့မဲ့နေ၏။

နောက်ဆို အဲဒီကောင်မလေးကို လွှတ်မထားနဲ့ ..၊ ခြေလှုပ် ခြေကြည့် ၊ လက်လှုပ် လက်ကြည့် ..၊ အန္တရာယ်လို့ ထင်လိုက်တာနဲ့ ရှောင်ထားဖို့ သာ ပြင် .. မမှားဘူး.. ။

ဒီတစ်ခါ နှစ်ယောက်ရဲ့ အလယ်မှာ အိတ်ကြီးတစ်လုံး ခြားသွားကာ ထိုင်ရတာ ကုပ်ကုပ်ကပ်ကပ်လေးပေမယ့် အဆင်ပြေသွားသည် ။ ဒါ တောင်မှ ...

"ဟော့ .. ဘာလို့ တအားဖိကပ်နေတာလဲ ..၊ ဒီမှာ နံပြားဖြစ်နေပြီ .."

"မတတ်နိုင်ဘူး .."

သူမက လက်ပိုက်ထားပြီး အိတ်ကြီးပေါ်ကို ကိုယ်နဲ့ ကပ်ဖိတိုးနေသ ည် ။ တစ်ခုခုနဲ့ ထိကပ်ထား၍ မရသည့် အနွေးဓာတ်နောက်ကို လိုက်ရင်း မကြာခင် သူသာလျှင် အသက်ရှူကျပ်ရဖို့ ရှိနေကာ ..

"ခရီးသည် များ ထမင်းစားနားမယ် ခင်ဗျာ .."

ကားပေါ်က ဆင်းရတော့မည်ဆိုတော့ စိတ်ရင်း ပျော်သွားသည် ။

"ဒီမှာ .. ဒီမှာ .."

"ဗျာ .."

စပယ်ယာကို လှမ်းခေါ်လိုက်ကာ ဆလင်းဘက်ခ်ကို ပခုံးပေါ်ဆွဲတင် လိုက်ရင်း ..

"ဒီ အဲကွန်းကို ပိတ်ထားပေးလို့ မရဘူးလား .."

"ရတယ်လေ .. အစ်မ မအေးချင်ရင် ခေါင်းပေါ်က .."

"ကျွန်မ ခေါင်းပေါ်ကဟာကို မဟုတ်ဘူး .. တစ်ကားလုံး ဒီလောက် အေးနေတာကို ..၊ တစ်ညလုံးဆိုရင် ကြွက်တက်လို့ သေကုန်တော့မှာ .."

“မသေပါဘူး အစ်မရယ် ..အားလုံး အနွေးထည်တွေ စောင်တွေ ခြုံနေကြတာပဲ၊ အေးပြီးတော့နွေးနေတာ ကောင်းပါတယ်”

စပယ်ယာမျက်နှာက စပ်ဖြဲဖြဲနှင့် တခြားခရီးသည် တွေကလည်း အောက်ဆင်းမလို့ ထိုင်သူ ထသူတွေ ရှုပ်နေရင်း ကိုယ့်ကိုပဲ ရယ်စရာလိုလို .. ငပေါလိုလို ..။

“ကဲ .. မင်း ဒီနေရာကနေ နည်းနည်း ရွှေ့ပေးဖို့ မစဉ်းစားဘူးလား..”

ကိုယ့်ဒုက္ခနဲ့ ကိုယ် ကြီးကျယ်နေတုန်း လှည့်ကြည့်လိုက်တော့ နောက်မှာ ထိုသူက စိတ်မရှည်သည့် မျက်နှာနှင့် …

“မင်းကို ဖယ်ပေးဖို့ ပြောနေတာ ..”

“ဩော် .. ပြောပါလား ..၊ ရှင်ကလည်း ..”

“မင်း ဖယ်ပေးမှ ငါ အပြင်ထွက်လို့ ရမှာ လေ ..၊ ပြောနေစရာလား . .”

“တောက် ..”

ခပ်ကြိတ်ကြိတ် တက်ခေါက်မိရင်း ကိုယ်ကို တိမ်းပေးလိုက်ရသည် ။

သူမ ရွာက စထွက်လာတည်းက စိတ်ရော လူရော ဘာမှ အဆင်မပြေပါလား ..။

“ညည်း ရန်ကုန်ကို သွားနေတာ ကောင်းမယ် စိတ်ရင်း..၊ တရုတ်ကြီး က ယုတ်မာတယ်၊ သူ ဒီလောက် အရှက်ကွဲသွားတာကို ရဲ မတိုင်ပေမယ့် ကျေနပ်မှာ မဟုတ်ဘူး ..”

“ဟုတ်တယ်.. ကျွန်မကလည်း မောင်လေးကို သွားရှာဖို့ စိတ်ကူးပြီးသား..”

“အို .. နေကြပါဦး.. ရန်ကုန်ကို သွားရမှာ ခရီးက နီးတာ မဟုတ်ဘူး ၊ ဟိုမှာ ကိုယ့်ဆွေမျိုး အရင်းအချာရော ရှိလို့ လား..၊ မဖြစ်ပါဘူး ငွေ ရယ် .. အငယ်ကောင်ကလည်း ရန်ကုန်ထွက်သွား တယ်လို့ သူများ သတင်းပေးတာပဲ ရှိသေးတာ ..”

“ရန်ကုန်ကို ရိုးရိုးထွက်သွားတာဆိုရင် ဘာမှ ပူစရာမရှိဘူးပဲထားပါ၊ အခုက သူ့ကိစ္စတွေကို အိမ်ကလူကြီးတွေ သိသွားပြီဆိုတော့ တွက်ပြီး ဝေးသထက်ဝေးအောင် ပြေးဖို့ ကြိုးစားတာ..၊ ဟိုနိုင်ငံထွက်မယ်၊ ဒီနိုင်ငံထွက်မယ်နဲ့ ..”

“အငယ်ကောင် ဒီလောက်တော့ မမိုက်လောက်ပါဘူး ..’

“မိုက်သွားရင် ဘယ်လိုလုပ်မလဲ ..”

“မိုက်မိုက် မမိုက်မိုက် သမီးကြီးကို မလွှတ်ရဘူး ..”

အဖေက တစ်ချက်လွှတ်အမိန့်ထုတ်သည် ။ အမေက စိတ်မချပေမယ့် တားလည်း မတား ..၊ အကြီးကတော့ ဂရုစိုက်ဖို့ ပဲ လိုတာလို့ တွက်ပြီး “လိုက်သွား”လို့ ကပ်ပြောခဲ့သည် ။

ဒီခရီးကို သူမ ထွက်လာခဲ့ခြင်းအကြောင်းဟာ မောင်လေးကို ရှာဖို့ ပေမယ့် လောလောဆယ် တော့ အိမ်ပြေးတစ်ယောက်ပဲ ဖြစ်သည် ။

အိတ်ထဲမှာ လက်ဝတ်ရတနာတချို့နဲ့ ငွေတွေ ပါလာပေမယ့် ဦးလေးဝမ်းကွဲအိမ်မှာ တည်းလို့ အဆင်မပြေခဲ့လျှင် သူမအတွက် မလွယ်နိုင် ..။

“တောင်တွင်းကြီး ခရီးသည် တွေ ဇက/....... ထွက်ပါတော့မယ်”

ကားထွက်တော့မယ့် ကြေညာသံကြားမှ ကိုယ် ဘာမှ မစားရသေးတာကို သတိရသည် ။ တော်ကြာ ကိုယ့်ကား ထွက်တော့မယ်ဆိုမှ ဘာမှ မစားလိုက်ရဘဲ ပြန်တက်ရမှာ ကို တွေးမိပြီး ဘယ်ဆိုင်ထဲ ဝင်ရမလဲဆို

တာ ရှာကြည့်မိ၏။

ဆိုင်တွေက တစ်တန်းကြီးရှိသလောက် စားပွဲတွေရှိသမျှ ပြည့်ညပ်နေသည် ။

တစ်လမ်းလုံး မှောင်နဲ့ မည်းမည်းကြီးကို ဖြတ်သန်းခဲ့ရပြီး ဒီနေရာရောက်မှ မီးရောင်တွေ ဖွေးဖွေးထိန်ထိန်နှင့် ဆိုင်တွေရော ကားတွေ၊ လူတွေ စုပြုံကျပ်နေတာကို သူမ အံ့သြနေမိ၏။

ရွာနီးချုပ်စပ်ကို လှည်းနဲ့ ဖြစ်ဖြစ် .. ကားနဲ့ ဖြစ်ဖြစ် အခေါက်အခါခါ သွားခဲ့ဖူးပေမယ့် ဒီလိုခရီးလမ်းမျိုးကို တစ်ခါမှ မသွားခဲ့ဖူးပေ..။

အမြန်လမ်းဆိုတာကို ခုမှ သိသည် ။ ခရီးဝေးသွားရခြင်းဟာ ဒါပါလားဆိုတာ ခုမှ ပဲ နဖူးတွေ့ ဒူးတွေ့ ကြုံခဲ့ရ၏။

ကိုယ့်စိတ်ကို တင်း၍ ဆိုင်တွေကို လျှောက်ကြည့်ရင်း ဘယ်ထဲမှ လည်း မဝင်ဖြစ်သေးပေ ..။

ထိုစဉ် ကိုယ်နဲ့ အတူထိုင်သည့် လူကို စားပွဲကျယ်ကြီးတစ်ခုမှာ တစ်ယောက်တည်း မြင်လိုက်ရ၏။

စိတ်ကူးနဲ့ လူ တစ်ထပ်တည်း မကျသေးခင် ခြေထောက်တွေက ရှေ့ကို နှစ်လှမ်းလောက် တိုးလိုက်မိတာ ဝမ်းသာအားရ ..၊

"မဟုတ်သေးပါဘူး .. သူနဲ့ ငါ ခင်တာမှ မဟုတ်တာ .."

တစ်ဆက်တည်း တွေးလိုက်မိပြီး စိတ်ဓာတ်ကျသွားသည် ။ ဒါပေမယ့် တခြားလူတွေ အများကြီးထဲမှာ ဝင်ထိုင်လိုက်ရမှာ ထက်စာလျှင် တစ်ယောက်တည်းသမားနဲ့ ထိုင်ရတာ တော်သေးသည် မို့ ထိုဆီကိုပဲ သွားဖြစ်ခဲ့ပြီး ..

"ကျွန်မ ဒီမှာ ထိုင်မယ်နော် .."

မီးခိုးရောင်လွှန့်နေသည့် စီးကရက်လက်ကြားညှပ်လျက် ဖုန်းဖွင့်ပြီး ဘာလုပ်နေမှန်း မသိသည့် သူက မော့ကြည့်သည် ။

ပြီးတော့ ဘာမှ မပြောဘဲ အလုပ်ရှုပ်နေပြန်လျက် ..

"ရှမ်းခေါက်ဆွဲ မှာ ထားတာ အစ်ကိုလား .."

"ဟုတ်တယ် .."

"ဒီမှာ .. ဟဲ့ .."

ဝိတ်တာကောင်လေးက လှည့်ထွက်သွားမလို့ ပြင်ပြီးမှ ပြန်ကြည့်၏။

"ဒီမှာ စားမယ့်သူ ရောက်နေတယ်လေ ..၊ ဘာစားမလဲ မမေးတော့ ဘူးလား .."

"ဟုတ်ကဲ့ .. ပြောပါ .."

စိတ်ရင်း က ကောင်လေးကို စိတ်ပျက်သည့် မျက်နှာနှင့် ကြည့်ကာ ..

"စားပွဲထိုးတွေ ဒီလောက် ပွထနေတာတောင် လူများ ပြီး ပွဲမစည် ဘူး .. ကြီးပွားဦးမယ် .."

မပြီးနိုင် မစီးနိုင် ရေရွတ်နေတာကို ကောင်လေး စိတ်မရှည်ပုံပေါက် ပေမယ့် ဘာမှ တော့ မချေမငံ မပြောပေ ..။

"ဘာတွေရလဲ .."လို့ မေးတော့လည်း အားလုံးကို ရွတ်ပြရှာ၏။သို့ သော် ....

"ဘာမှ မစားတော့ဘူး ၊ရေသန့်တစ်ဘူးနဲ့ တစ်ရှူးနှစ်ထုပ်ပေး .."

ဘယ်သူ ကျေနပ်နပ်မနပ်နပ် မတတ်နိုင် ..၊

ရွှတ်ပြသွားတာတွေကို စိတ်ဝင်စားပေမယ့် တကယ် စားလို့ ကောင်း မကောင်းဆိုတာ စားကြည့်မှ သိမှာ ..။

ကိုယ်စားချင်တာလေး တစ်မျိုး နှစ်မျိုး မှာ လိုက်လို့ ကောင်းနေရင် အကြောင်းမဟုတ်၊ မကောင်းခဲ့ရင် အချိန်ကုန် ပိုက်ဆံကုန် ..။

စိတ်ရင်း နေရာမှ ထကာ မုန့်ထုပ်တွေရောင်းသည့် ဆိုင်ဘက် ကူး လာခဲ့သည် ။ စားလို့ ကောင်း ပြီး အဆာပြေတာ တစ်ခုခုကို ရွေးချယ်ပြီး မှ ..

"ဟင်…. ဒါလေး တစ်ထုပ်ကို ငါးရာတောင် .."

"ဟုတ်တယ် အစ်မ .."

"ဒါကရော .."

"အဲဒါကလည်း ငါးရာပဲ .."

"ဟဲ့ .. ဒါတွေ ငါတို့ ရွာမှာ တစ်ထုပ်မှ တစ်ရာပဲ ရှိတာ .."

"ဒါဆိုလည်း အစ်မတို့ ရွာက ဝယ်လာခဲ့ပေါ့၊ ဒီမှာ မရဘူး ..'

စိတ်က ထောင်းခနဲ ဖြစ်သွားသည် ။ ဒါပေမယ့် အလှူပေးနေသလို ဝိုင်းအုံ လုယက်ဝယ်နေ ကြတာကို ငဲ့ကြည့်ပြီး ပါးစပ်ပိတ်နေလိုက်ရ၏။

ဒီနေရာမှာ အကြီးသာရှိနေရင် ပြောဦးမည်။

"ကိုယ့်ပါးစပ်ကိုတော့ ကောင်းကောင်း စားဖို့ မနမြောပါနဲ့ အေ၊ ည ညီးမှာ ဆင်းဆင်းရဲရဲလည်း မဟုတ်ပါဘူး …၊ လယ်ယာကျွဲနွား၊ အိမ်နဲ့ ကားနဲ့ ကိုယ်တိုင်လည်း ပိုက်ဆံတွေကိုင်ပြီး သူများ တွေကို ငွေတိုးပေး နေသေးတာ .."

ဘယ်လိုပဲပြောပြော သူမ မသုံးရက်ပေ။ ကိုယ်တိုင် ငွေကိုင်ပြီး ထုတ်

ချေးနေတာမို့ ပိုသိ နေတာဆို ပိုမှန်မည် ထင်၏။

ပိုက်ဆံ ပြေးဆွဲလိုက် .. သုံးလိုက် စားလိုက် ..။

ပြီးတော့ ပိုက်ဆံလေး ပြန်ခေါက်ယူလို့ ရမလား လာပြောကြသည် ။ တချို့က မရလျှင် လှည့်ပြန်သွားပေမယ့် တချို့ကျတော့ ထိုင်ရာမထ မရမက ကပ်ပြောနေတာတွေ ဒုနဲ့ ဒေး ..။

ကြွေးယူရမှာ လည်း မကြောက်..၊ ကုန်သွားမှာ ကိုလည်း မတွေး ၊ ဒီလိုလူမျိုးတွေကိုကြည့်ပြီး သူမ စိတ်ထဲမှာ အမြစ်တွယ်လာခဲ့သည် ။

ဘယ်နေရာမှာ ဖြစ်ဖြစ် ပိုက်ဆံကို အသုံးနဲ့ အဖြုန်း ခွဲခြားနိုင်ဖို့ ..။

တစ်ယောက်တည်း အထီးကျန် ရှက်လွင့်ခဲ့ရသည့် ခရီးမှာ ဝယ်လာသည့် မုန့်ထုပ်လေး ဖွင့်စားရင်း စိတ်ရင်း တစ်ယောက်တည်းပဲ ကားဘေးမှာ မတ်တတ်လေး ရပ်လျက် …

“ဘယ်လိုလဲ … ဖြစ်တယ်မို့လား အစ်ကို ..”

“စိတ်ချပါ .. ဒရိုင်ဘာဘေးမှာ ညီလေးကို ပြောထားပြီးပြီ ..”

စကားသံတွေနဲ့ အတူ မြင်ကွင်းထဲ ဝင်လာတာ ဟိုလူနဲ့ စပယ်ယာနှစ်ယောက် ..၊

သူက နေရာပြောင်းထိုင်လိုက်တာလား ..၊

ကြားရတဲ့ စကားအရ ဒါပဲဆိုတာ သိလိုက်ကာ မခံချင်စိတ်လေး ဖြစ်သွားမိသည် ။ သူကပဲ ကြီးကြီးကျယ်ကျယ် ..၊ ဒီကရော သူ့နားကို ကပ်ချင်လွန်းလို့ လား..။

ကောင်းတယ် ..၊ တစ်ယောက်တည်း နှစ်ခုံရတာပေါ့ …။

ပြန်တွေးလိုက်တော့လည်း ဒေါသမဖြစ်တော့ဘဲ ကျေးဇူးတောင်တင်

သွားမိသည် ။

ကိုယ့်အိတ်ကို တစ်ဖက်ကပ်ပြီး ကျကျနန လှဲအိပ်နေလိုက်ဖို့ စိတ်ကူးတွေ ယဉ်နေခဲ့သော်လည်း ...

"နည်းနည်းလောက် ဖယ်ပေးပါလား .."

"ဘာလို့ ဖယ်ရမှာ လဲ .."

"ကျွန်တော် ဟိုဘက်မှာ ထိုင်မလို့ .."

"ဘာ ..."

ခရီးသည် တွေ ကားပေါ်တက်နေကြတုန်းပဲ ရှိသေးသည် ။ ကားထွက် လာပြီဆိုတည်းက စိတ်ရင်း အသံပဲ ထွက်နေတာမို့ ဘာဖြစ်ပြန်ပြီလဲ ဆိုသည့် အကြည့်တွေပဲ ဖြစ်လိမ့်မည်။

"ခဏလေး ခြေထောက်တင်လိုက်ပါ၊ မဟုတ်ရင်လည်း ဒီဘက်ထွက်ပေး၊ အဲ .. ဒါမှ မဟုတ်ရင် ညီမ မှန်ဘက်က ထိုင်လိုက်မလား.."

"ရှင် နေရာချပေးနေဖို့ မလိုပါဘူး ၊ ဖယ်လည်း မပေးနိုင်သေးဘူး ၊ ခဏနေဦး.."

စိတ်ရင်း ရဲ့ အကျင့်ကိုက ရှက်ပြီဆိုလည်း သူများ ထက် ပိုရှက်နေတတ်ကာ ရှက်ဖို့ မလိုဘူးလို့ ထင်တာမျိုးဆိုရင်လည်း ဘယ်သူကြည့်ကြည့်... ဘယ်ဝါကြည့်ကြည့် ..။

ဘေးမှာ ရပ်စောင့်နေတာကို အားနာပါးနာ တစ်ချက်မှ ပြန်မကြည့်တော့ဘဲ ကိုယ့်ဘက်မှာ ဖြစ်နိုင်တာတွေကိုပဲ တွေးနေခဲ့သည် ။

လူပုံကို ပြန်မော့ကြည့်ဖို့ မလိုဘဲ အသက်သုံးဆယ်ကျော်လောက် သားသားနားနားပုံစံပဲဆိုတာ တစ်ချက် တွေးမိ၏။ ဒါပေမယ့် ...

အိတ်ကို အလယ်မှာ ထားပြီး ထိုင်လို့ ဖြစ်ပ့ါမလား ..၊

အိတ်ထဲမှာ ရွှေဘူး ရှိသည် ။ ပြီးတော့ တစ်သိန်းအုပ်တွေ ရှိသေးသည် ။ ကိုယ့်အိတ်ထဲမှာ က အလွယ်သုံးဖို့ လောက်ပဲ ထားတာမို့ ရှိတာအားလုံးက အိတ်ထဲမှာ ..၊

မျက်လုံးက ရှေ့ဆုံးမှာ ကျကျနနထိုင်နေသည့် ဟိုတစ်ယောက်၏ ကျောပြင်ဆီ ရောက်သွား လျက် ..၊

သူ့ကိုတော့ တောင်တောင်အီအီတွေ မတွေးမိခဲ့ဘဲ အိတ်နဲ့ ကပ်လိုက် ၊ လူတစ်ကိုယ်လုံး ပြိုကျလိုက် ဖြစ်နေခဲ့ရခြင်းကို ယှဉ်ကြည့်မိသည် ။

"ကိုယ်က ဟိုဘက်ကပ်ထိုင်မိကာမှ ချောင်ပိတ်မိသလိုဖြစ်ပြီး အချိန်မတော် အိပ်ငိုက်မိတုန်း ..၊

"ဒီမှာ ညီမ .."

စိတ်မရှည်သံကြောင့် စိတ်ရင်း မော့ကြည့်လိုက်သည် ။

ပြီးတော့ ဘာမှ မပြောတော့ဘဲ ဒီဘက်အစပ်မှာ ပဲ ခြေလွှဲထိုင်ပေးလိုက်၏။

ကိုယ့်ဘက်ကနေ ထိကပ်ဝင်သွားတာကိုတောင် စိတ်ပျက်မိရပါ၏။ အလယ်မှာ အိတ်ခြား မထားလို့ တော့ ဘယ်လိုမှ မဖြစ်ဘူးဆိုတာ ကိုယ့်တစ်ယောက်တည်းပဲ အတည်ပြုလိုက်ကာ ....

"ဒီမှာ .. ဒီမှာ .."

"ဟင် .."

"ဘာလုပ်မလို့ လဲ ..၊ အဲကွန်းဖွင့်ဖို့ တော့ မကြိုးစားနဲ့ နော် ..၊ ဒီက အဲကွန်းနဲ့ မတည့်ဘူး .."

"ဒီလိုလား .."

အလွန်အင်မတန် သဘောမနောကောင်းသည့် အပြုံးနှင့် လှမ်းထားသည့် လက်ကို ပြန်ချသည် ။ ပြုံးနေတာကို သဘောမကျပေမယ့် ဟိုပုဂ္ဂိုလ်လိုတော့ အပြောမဆိုးတာကို အသိအမှတ်ပြုလိုက် မိ၏။

"ဂျီး .."

"ဟင် .."

ကိုယ်က ဆတ်ခနဲ ခါသွားသဖြင့် မျက်လုံးတွေ ပွင့်သွားသည် ။

ကြည့်စမ်း ကိုယ့်ကိုယ်ကိုယ် ဘယ်တုန်းက အိပ်ပျော်သွားလိုက်မှန်းတောင် မသိ ..၊

ပြီးတော့ အိပ်နေတာက ကိုယ့်အိတ်ပေါ်မှာ ပုံကျနေတာပေမယ့် ခေါင်းတစ်ခုလုံး ဟိုလူ့ဘက်မှာ ..။

"တောက် .."

အသံမထွက်အောင် တက်ခေါက်မိကာ ကိုယ့်ဆံပင်ကို ဆွဲမိလိုက် ပြန်သပ်လိုက် ..၊

"ကား ဘာဖြစ်တာလဲ မသိဘူး၊ ညီမ အိပ်ရေးပျက်သွားပြီလား .."

"ရပါတယ် .."

သူများ မျက်နှာ မကြည့်တာကိုလည်း မသိဘူးလား ..၊ ပြုံးပြနေတဲ့ လက်စွပ်ကြီးနဲ့ ဟန်းချိန်း အတုံးလိုက် အတစ်လိုက်ကိုမှ အားမနာ ..။

ပြုံးချို ပျော်ကျလုလု မျက်နှာကြီးက သွားရှိသမျှ ဖြီးဖြဲပြနေတဲ့ အတိုင်း ..။

"ခရီးသည် များ အပေါ့အပါး အလေးအပင် အားလုံး လုပ်လို့ ရတယ်

နော် ..၊ ကားဘီးလေး လဲချင်လို့ ခဏကြာဦးမှာ ..”

စပယ်ယာ ကြေညာပြီးသည် နှင့် ငြိမ်သက် နားစွင့်နေတဲ့ လူတွေ လူပ်လူပ်ရွရွ ဖြစ်ကုန်ကြ၏။ ကားထဲမှာ အဲကွန်းပိတ်သွားတာနှင့် ပူအိုက်လာတာကိုလည်း စိတ်ရင်း မခံစားနိုင် ..။

တကယ်က ကိုယ်လည်း အအေးကြိုက်တာပဲဖြစ်ကာ အနွေးထည်မပါဘဲ တစ်ညလုံး အေးခိုက်လာမှာ ကိုတော့ မခံနိုင်တာ ဖြစ်၏။

“ညီမ ဆင်းဦးမလား ..”

သူ ထရပ်လိုက်တော့ စိတ်ရင်း ဝမ်းသာသွားသည် ။ ကိုယ်လည်း ဆင်းချင်နေပေမယ့် သူ ကျန်ခဲ့ရင်တော့ ဆင်းရမှာ မဟုတ်ပေ ..။

ဒါပေမယ့် ဘာမှ မဖြေလိုက်ဘဲ သူ ဆင်းသွားကာမှ နောက်က လိုက်ဆင်းခဲ့သည် ။ သို့သော် ...

အတက်အဆင်း ခြေနင်းခုံကနေ မြေပြင်ပေါ် ဆင်းချလိုက်ကာမှ ဆလင်းဘက်ခ်ကို နောက်က တစ်ယောက်ယောက် ဆွဲထားလိုက်သလို တင်းခနဲ ဖြစ်သွားပြီ ...

“ဟာ ...”

“အား ... သေပါပြီ ..”

နောက်လှည့်ကြည့်ချိန် မရလိုက်ဘဲ ကိုယ်ပေါ်ကို လူတစ်ယောက်လုံး လွှားခနဲ ခုန်အုပ် လိုက်ခြင်း ခံရကာ စိတ်ရင်း မြေပြင်ပေါ်မှာ ဒူးထောက်လျက် လဲလေသည် ။

“ဆောရီး ... ဆောရီး .. ကျွတ် ... ဟာ .. အဲဒါ မင်းကြောင့် ပဲ ..”

“ဟင် ..”

အသံကြားလိုက်တာနှင့် သူပဲဆိုတာ သိလိုက်သည် ။

“ရှင် ..ရှင် .. အ .. ဘာလုပ်လိုက်တာလဲ ..”

“မင်း လွယ်ထားတဲ့ အိတ်က ကိုယ့်ဂျာကင်ဇစ်နဲ့ ငြိသွားလို့ ..”

“အဲ့ဒါနဲ့ ပဲ ရှင် .. လူပေါ်ကို ခုန်ချလိုက်တာပေါ့ .. ဟုတ်လား ..”

“ခုန်ချတာ ဟုတ်မလားကွ ...၊ မင်းက အောက်ဆင့်မှာ ငါက အပေါ်ဆင့်မှာ .. မင်းတောင် လှည့်ဖြုတ်ချိန် ရလိုက်လို့ လား ..”

“အံမာ ... မိန်းမကောင်း ရန်တွေ့နဲ့ ..”

“ဘာကွ ...”

ဦးသျှောင် ဒေါကန်သွားသည် ။

လူကို မိန်းမကောင်းရန်တွေ့ တဲ့ ..၊

“အား .... ဒီမှာ ဒူးကွဲသွားပြီလား မသိဘူး ..”

ချိတ်ချနဲ့ ထရပ်ကာ ဒူးကို လက်ထောက်၍ ကုန်းကုန်းကွကွ ဖြစ်နေရင်း ...

“ယောကျ်ားတန်မယ့် သူက တောင်းပန်မယ် မရှိဘူး ..”

“ဟော့ ... မင်း အဲဒီလိုပြောတာ တော်နော် ..”

လူတွေ ဝိုင်းအုံကြည့်နေကြတာ မြင်မှ ဦးသျှောင် ပါးစပ်ပြန်ပိတ်ရသည် ။ ဒါပေမယ့် ဒေါသက အကင်းမသေသေးသည် မို့ မတောင်းပန်နိုင် .. ။

ယောကျ်ားနဲ့ မိန်းမ ဖြစ်တိုင်း မှားမှားမှန်မှန် ကိုယ်ကချည်း တောင်းပန်ရမှာ လား ..၊

ကောင်းရာကောင်းကြောင်း ပြောဖို့ ကြိုးစားတော့ မတည့်ရာ မတည့်ကြောင်း စပြောတာ ဘယ်သူလဲ ...

"ညီမ ခြေထောက် ရရဲ့ လား .."

"ရတယ် အစ်မ ... ရပါတယ်၊ ကျေးဇူးပဲနော် .."

ဘေးလူက ဝင်မေးတော့ မျက်နှာပူသွားသလို ခံစားမိသည် ။ ဒါက တောင်းပန်သင့်တာလည်း မှန်ပေမယ့် သူမနဲ့ လည်း မသင့်မြတ်ချင် ..။

"ညီမ အပေါ့သွားမလို့ ဆင်းတာလား ..၊ အစ်မတို့ နဲ့ လိုက်ခဲ့လေ၊ အထိုင်အထ သက်သာတာပေါ့ .."

မိန်းမသားချင် ဖေးမခေါ်သွားတော့ သူမက ရန်စကားတွေ မဆိုတော့ဘဲ လိုက်ပါသွား၏။

"ဟူး .."

ဟိုမှာ စိတ်ညစ်စရာတွေရှိလို့ ဒီဘက်မှာ လှည့်ထွက်ခဲ့ပေမယ့် မချမ်းသာရပါလား ..။

*